

NI-E510T

Panasonic

# ရေနွေးငွေ့သုံးလျှပ်စစ်မီးပူ
# အသုံးပြုပုံလမ်းညွှန်

မော်ဒယ်နံပါတ်. NI-E510T/E410T

မြန်မာ

## ဘေးကင်းလုံခြုံမှုဆိုင်ရာအချက်အလက်များ


မီးပူအားစိတ်ချယုံကြည်စွာအသုံးပြုပုံ ..... ၂

အရေးကြီးသောလုံခြုံရေးလမ်းညွှန်ချက်များ ..... ၂-၄


## လုပ်ဆောင်ချက်များ


လျှပ်စစ်မီးပူတွင်ပါဝင်သောအစိတ်အပိုင်းများ ..... ၅

မီးပူတိုက်ရာတွင်အသုံးဝင်စေသောအချက်များ ..... ၆

မီးပူအတွင်းသို့ရေဖြည့်နည်း ..... ၆

ရေနွေးငွေ့သုံးမီးပူအဖြစ်အသုံးပြုနည်း ..... ၇

ရိုးရိုး(အခြောက်)မီးပူအဖြစ်အသုံးပြုနည်း ..... ၇

ရေဖြန်း၍မီးပူတိုက်နည်းများ ..... ၈

ရေနွေးငွေ့ပြင်းအားအသုံးပြုနည်း ..... ၈

ရေနွေးငွေ့ဒေါင်လိုက်လွှတ်၍အသုံးပြုနည်း ..... ၉

မီးပူအားသုံးစွဲသူကိုယ်တိုင်သန့်စင်နည်း ..... ၉

လေဝင်ပေါက်များသန့်ရှင်းနေခြင်း ..... ၁၀


## ပြုပြင်ထိန်းသိမ်းခြင်း


သင့်မီးပူအားထိန်းသိမ်းနည်း ..... ၁၀


## ယေဘုယျအချက်အလက်များ


အသေးစိတ်အချက်အလက်များ ..... ၁၁


**လျှပ်စစ်မီးပူအသုံးမပြုမီလမ်းညွှန်ချက်အားလုံးအားသေချာစွာဖတ်ပါ။**

i8200Y-oP45A

# အိမ်တွင်အသုံးပြုရန်အတွက်သာ

## မီးပူအားစိတ်ချယုံကြည်စွာအသုံးပြုပုံ

**သင်နှင့်သင့်ပတ်ဝန်းကျင်လုံခြုံရေးသည်အလွန်အရေးကြီးပါသည်။**

လျှပ်စစ်မီးပူနှင့်ပတ်သတ်သောလုံခြုံရေးဆိုင်ရာအချက်အလက်များအားဤလက်စွဲစာအုပ်တွင်ဖော်ပြထားပါသည်။လုံခြုံရေးဆိုင်ရာအချက်အလက်များအားအမြဲဖတ်၍လိုက်နာပါ။

⚠ ဤသည်မှာလုံခြုံရေးဆိုင်ရာသတိပေးသင်္ကေတဖြစ်သည်။၎င်းသည်သင်နှင့်အခြားသူများကိုထိခိုက်ဒဏ်ရာရစေနိုင်ခြင်း(သို့)သေစေနိုင်သည်အထိအန္တရာယ်ဖြစ်နိုင်သည်ကိုရည်ညွှန်းသည့်အခါတွင်သုံးသည်။လုံခြုံရေးဆိုင်ရာသတင်းများဖြစ်သည့် "အရေးကြီးသတိပေးချက်" (သို့) "သတိပြုရှောင်ကြဉ်ရန်အချက်များ" သည်လုံခြုံရေးဆိုင်ရာသတိပေးသင်္ကေတကိုဖော်ညွှန်းသည်။ဤစကားလုံးများ၏အဓိပ္ပါယ်မှာ–

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** | **သင်ဤညွှန်ကြားချက်များအားမလိုက်နာလျှင်ပြင်းပြင်းထန်ထန်ဒဏ်ရာရခြင်း(သို့)အသက်ဆုံးရှုံးစေနိုင်သည်၊** |
| ⚠ **သတိပေးချက်** | **သင်ကြုံတွေ့လာနိုင်သောပြဿနာအခြေအနေများကိုမြင်သာအောင်ပြသထားသည်။ ၎င်းကိစ္စများအားမလိုက်နာပါကအသေးအဖွဲ့(သို့)အနည်းငယ်ထိခိုက်ဒဏ်ရာရနိုင်သည်။** |

လုံခြုံရေးဆိုင်ရာအချက်အလက်များသည်သင့်အားဖြစ်ပေါ်လာနိုင်သောအန္တရာယ်များ၊ထိခိုက်ဒဏ်ရာရနိုင်သောအခြေအနေများကိုလျော့ချနိုင်သောနည်းလမ်းများနှင့်လမ်းညွှန်ချက်များအားမလိုက်နာပါကဖြစ်လာနိုင်သောအကျိုးဆက်များကိုပြောပြထားပါသည်၊

**ပန်နာဆိုးနစ်မီးပူအားဝယ်ယူခြင်းအတွက်ကျေးဇူးတင်ရှိပါသည်။**

မီးပူသည်မီးခံပြားပေါ်တွင်အဝတ်အထည်များအားမီးပူတိုက်ရာတွင်အသုံးပြုနိုင်သည်။

## အရေးကြီးသောလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ

သင်မီးပူအားအသုံးပြုနေစဉ်လုံခြုံရေးဆိုင်ရာအခြေခံတားမြစ်ချက်များကိုအမြဲလိုက်နာသင့်သည်။

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** | **အဝတ်များမီးကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)ထိခိုက်ဒဏ်ရာရရှိနိုင်မှုမှလျော့ကျရန်။** |

**<u>မီးပူအသုံးမပြုမီဤလမ်းညွှန်ချက်များအားဖတ်ပါ။</u>**

- မီးပူအားပလပ်ထိုး၍သတိမပြုဘဲထားခဲ့ခြင်းမပြုလုပ်ရ။
- မူမမှန်ခြင်း၊စက်ချို့ယွင်းခြင်းများရှိပါကမီးပလပ်အားဖြုတ်၍အသုံးပြုခြင်းကိုရပ်လိုက်ပါ။ပုံမှန်မဟုတ်ခြင်းဥပမာများ
  –မီးပူကြိုး(သို့)မီးပူပလပ်ခေါင်းအလွန်ပူလာခြင်း(သို့)အရောင်ပြောင်းလာခြင်းကြောင့်မီးပူပိတ်သွားခြင်း၊မီးပူပုံစံ
  ပျက်သွားခြင်း(သို့)ညှော်နံ့ရခြင်း
  –ဝန်ဆောင်မှုပေးရာဌာန(သို့)သက်ဆိုင်ရာဝန်ထမ်းများဆီသို့သွားပါ။
- ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်)(သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။
- ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။ မလိုက်နာပါက မတော်တဆ(သို့)ထိခိုက်ဒဏ်ရာရနိုင်သည်။

- ကလေးငယ်များရှိနေလျှင်(သို့)မီးပူအသုံးပြုနေစဉ်အနီးကပ်စောင့်ကြည့်ရန်လိုအပ်သည်။မပြုလုပ်ပါကမီးလောင်နိုင်သည်။
- လျှပ်စစ်ဝန်ပိုဆွဲခြင်းမဖြစ်စေရန်လျှပ်စစ်ဓာတ်အားများသောအရာများနှင့်အတူတူအသုံးမပြုပါနှင့်။
- မီးလောင်လွယ်သောအရာများ( ဘန်ဇင်း၊အရက်ပြန်၊တင်နာ၊ခေါင်းလိမ်းစပရေးများ အနီးတွင်မသုံးပါနှင့်။အသုံးပြုပါကမီးလောင်ခြင်း(သို့)ပေါက်ကွဲခြင်းများဖြစ်နိုင်သည်။
- ပြုတ်ကျ၍ပျက်စီးခြင်း(သို့)ရေယိုခြင်းများတွေ့ပါကအသုံးမပြုပါနှင့်။ကိုယ်တိုင်မပြင်ပါနှင့်။သက်ဆိုင်ရာဝန်ဆောင်မှုဌာနတွင်ပြင်သင့်ပါသည်။မလိုက်နာပါကဓာတ်လိုက်ခြင်း(သို့)မီးလောင်စေနိုင်သည်။
- အဆင့်မြှင့်ခြင်း၊တခြားအရာများတပ်ဆင်ခြင်း(သို့)ပြုပြင်ခြင်းများမလုပ်ပါနှင့်။မလိုက်နာပါကသာမန်မဟုတ်သောလုက်ဆောင်ချက်များဖြစ်ပေါ်ပြီးမီးလောင်ခြင်း(သို့)ဒဏ်ရာရခြင်းများဖြစ်နိုင်သည်။သက်ဆိုင်ရာဝန်ဆောင်မှုဌာနသို့အကြောင်းကြား၍ပြုပြင်သင့်သည်။
- မီးပူအားစိုနေသောလက်ဖြင့်မကိုင်ပါနှင့်။ယင်းကဲ့သို့ပြုလုပ်ခြင်းဖြင့်လျှပ်စစ်ပတ်လမ်းတိုဖြစ်ပွား၍ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများဖြစ်နိုင်သည်။
- ရေစိုနေသောလက်ဖြင့်မီးပလပ်ထိုးခြင်း(သို့)ဖြုတ်ခြင်းမပြုလုပ်ပါနှင့်။ပြုလုပ်ပါကဓာတ်လိုက်ခြင်း(သို့)ထိခိုက်ခြင်းများဖြစ်နိုင်ပါသည်။
- ဓာတ်လိုက်ခြင်းမှကာကွယ်ရန်မီးပူအားရေအနီးတွင်အသုံးပြုခြင်းရေထဲကျခြင်း(သို့)အခြားအရည်များမထိပါစေနှင့်။ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုဖြစ်ပေါ်၍ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပွားနိုင်ပါသည်။
- မီးကြိုးအားပျက်စီးခြင်း၊ပြင်ဆင်ခြင်း၊အားဖြင့်ကွေးထားခြင်း၊ခွေထားခြင်းများမပြုလုပ်ပါနှင့်။မီးကြိုးအားလေးလံသောအရာများအောက်တွင်မထားပါနှင့်။လျှပ်စစ်ပတ်လမ်းတိုဖြစ်ပွား၍မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်နိုင်ပါသည်။
- မီးခုံမှမီးပူပလပ်အားမမိတမိတပ်မထားပါနှင့်။ မီးကြိုးပျက်စီးနေလျှင်အန္တရာယ်မဖြစ်စေရန်ဝန်ဆောင်မှုဌာနများသို့(သို့)ဝယ်ယူသောနေရာသို့ပြန်ပို့သင့်ပါသည်။မပြုလုပ်ပါကမတော်တဆဖြစ်ခြင်း(သို့)ထိခိုက်မိနိုင်သည်။
- အပိုမီးကြိုးကိုမသုံးပါနှင့်။အကယ်၍လိုအပ်ပါကမီးအားပမာဏတူသော၊ဗို့များသောကြိုးကိုသာသုံးပါ။မီးကြိုး၏ဓာတ်အားပမာဏသည်မီးပူထက်နည်းနေပါကအပူလွန်ကဲ၍မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများဖြစ်နိုင်သည်။ ကြိုးဆွဲထုတ်၍မရခြင်း(သို့)ခလုတ်တိုက်ခြင်းများမဖြစ်အောင်သေချာစွာစီစဉ်ပါ။
- ပျက်စီးနေသောမီးကြိုး(သို့) လွတ်ကျထားသောမီးပူအားအသုံးပြုပါနှင့်။ဓာတ်လိုက်ခြင်းမှကာကွယ်ရန် မီးပူအားမီးကြိုးမတပ်ထားပါနှင့်။မီးကြိုးအားကွေးမထားပါနှင့်။မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်နိုင်သည်။
- မီးပူသိမ်းဆည်းသောအခါမီးကြိုးအားမီးပူကိုယ်ထည်တွင်ပတ်မထားပါနှင့်။ယင်းကဲ့သို့ပြုလုပ်ခြင်းဖြင့်မီးကြိုးအတွင်းရှိဝါယာများပိ၍ပေါက်ပြီးလျှပ်စစ်ပတ်လမ်းတိုဖြစ်ပွား၍မီးလောင်ခြင်းများ၊ဓာတ်လိုက်ခြင်းများဖြစ်နိုင်သည်။
- မီးပူ၏ရေလှောင်ကန်တွင်းရေဖြည့်ခြင်း၊ရေသွန်ခြင်းနှင့်အသုံးပြုပြီးလျှင်မီးပလပ်အားဖြုတ်ထားပါ။မလိုက်နာပါကမီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်နိုင်သည်။
- မီးပလပ်အားပုံမှန်သန့်ရှင်းရေးပြုလုပ်ပေးပါ။မလိုက်နာပါကရေငွေ့ပြန်၍မီးလောင်နိုင်သည်။မီးပလပ်ဖြုတ်၍အဝတ်ခြောက်ဖြင့်သုတ်ပါ။

## ⚠ သတိပြုရှောင်ကြဉ်ရန်အချက်များ

**မီးပူပျက်စီးခြင်းနှင့်လူထိခိုက်ဒဏ်ရာရခြင်း လျော့နည်းစေရန်**

- မီးပူအားသတ်မှတ်ထားသည့်အတိုင်းသာသုံးရန်၊မီးလောင်ခြင်းနှင့်ထိခိုက်ဒဏ်ရာရခြင်းမဖြစ်စေရန်အဝတ်များကိုယ်ပေါ်တွင်ဝတ်ဆင်ထားစဉ်မီးပူတိုက်ခြင်းရေနွေးငွေ့ဖြင့်တိုက်ခြင်းမပြုလုပ်ရ။
- ပူနေသောသတ္တုပြားကိုထိမိခြင်း၊ ရေပူများသို့ရေနွေးငွေ့များကိုထိမိလျှင်အပူလောင်နိုင်သည်။ မီးပူပြောင်းပြန်ပြုလုပ်လျှင်သတိပြုရှောင်ကြဉ်ရန်အချက်များကိုအသုံးပြုပါ။ရေလှောင်ကန်ထဲတွင်ရေနွေးများရှိနိုင်သည်။
- မီးပူအားထောင်သောအခါအောက်ခံမျက်နှာပြင်ခိုင်ခံ့မှုရှိစေရန်စစ်ဆေးပါ။
- သာမန်ရေထည့်ခြင်းမှလွဲ၍မီးပူတွင်းသို့ရေမွှေး၊ရှာလကာရည်၊ကော်ရည်၊ကြေးချွတ်ဆေး၊မီးပူတိုက်ရာတွင်သုံးသောအမွှေးရည်များသည်အဝတ်များကိုစွန်းထင်းစေသဖြင့်အသုံးမပြုပါနှင့်။
- ရေလှောင်ကန်ထဲမှရေများအားအသုံးပြုပြီးဖောက်ထုတ်ပစ်ပါ။မလိုက်နာပါကနောက်တစ်ကြိမ်အသုံးပြုသောအခါရေများစိမ့်ထွက်လာပြီးမီးလောင်နိုင်သည်။
- မီးပူပလပ်ထိုးခြင်း(သို့)ဖြုတ်ခြင်းများပြုလုပ်လျှင်အပူချိန်အား “၀”နှင့်ထားပါ။မီးပူပလပ်ဖြုတ်ရာတွင်မီးပလပ်ခေါင်းမှဆွဲဖြုတ်မည့်အစားမီးကြိုးမှဆွဲ၍လုံးဝမဖြုတ်ပါနှင့်။
- ပြတ်ရှလွယ်သောအစွန်းများတွင်မီးပူကြိုးအားမသိမ်းဆည်းပါနှင့်။ပြုလုပ်ပါကမီးကြိုးအတွင်းဝါယာကြိုးများပိ၍ပြတ်နိုင်ပြီးလျှပ်စစ်ပတ်လမ်းတိုများဖြစ်ပေါ်ပြီးဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများဖြစ်နိုင်သည်။
- မီးပူအားပူပြင်းသောမျက်နှာပြင်နှင့်မထိတွေ့ပါစေနှင့်။မီးပူမသိမ်းဆည်းမီ မီးပူအားအေးအောင်ထားပေးပါ။
- ဈေးကြီးသောပစ္စည်းများနှင့်အထူးပြုလုပ်ထားသောအရာများအားမီးပူတိုက်ပါကမထင်ရှားသောနေရာများတွင်အရင်စမ်းသပ်ပါ။မလိုက်နာပါကအဝတ်အထည်များပျက်စီးနိုင်ပါသည်။
- အဝတ်အထည်များအားမီးပူတိုက်ရန်လမ်းညွှန်ချက်များအတိုင်းသာမီးပူအားအသုံးပြုပါ။မလိုက်နာပါကအဝတ်အထည်များပျက်စီးနိုင်သည်။(ဥပမာ–သားရေအသား)
- မီးပူအသုံးပြုပြီးရေနွေးငွေ့/ရိုးရိုးရွေးချယ်ကိရိယာတွင်ရိုးရိုးအနေအထားမပြောင်းထားပါကကျန်ရှိနေသောရေများအောက်ခံပြားထဲသို့ရောက်၍နောက်တစ်ကြိမ်အသုံးပြုပါကမီးလောင်ခြင်းများဖြစ်နိုင်ပါသည်။
- မီးပူပလပ်ဖြုတ်ထားစဉ်ရေနွေးငွေ့ပြင်းအားအသုံးမပြုပါနှင့်။အောက်ခံပလိပ်ပြားတွင်ရေများကျန်ရှိပြီးစွန်းထင်းခြင်းများဖြစ်နိုင်သည်။
- အပူချိန်ရွေးချယ်သည့်ကိရိယာ “၀”အမှတ်တွင်ရှိနေလျှင်ရေနွေးငွေ့(သို့)ရေနွေးငွေ့ပြင်းမသုံးပါနှင့်။ပြုလုပ်ပါကရေများစိမ့်ထွက်လာပါလိမ့်မည်။
- မီးပူသည်ရေနွေးငွေ့ထုတ်လွှတ်ရန်လုံလောက်သောအပူချိန်မရှိပါကရေနွေးငွေ့/ရိုးရိုးရွေးချယ်ကိရိယာအားမသုံးပါနှင့်။ရေများစိမ့်ထွက်လာနိုင်သည်။

# ဤလမ်းညွှန်ချက်စာအုပ်ကိုသိမ်းထားပါ။

**ဤမီးပူကိုကောင်းမွန်စွာအသုံးပြုနိုင်ရန်ကျန်ရှိနေသောလုံခြုံရေးကြိုတင်သတိပေးချက်များနှင့် အသုံးပြုပုံလမ်းညွှန်များကိုသေချာစွာဖတ်ပါ။**

# ပါဝင်သောအစိတ်အပိုင်းများအသုံးပြုပုံ



ပန်နာဆိုးနစ်မီးပူများ၏အပူချိန်ရွေးချယ်သည့်ဒိုင်ခွက်တွင်စကားလုံးများအစက်များနှင့်ရေနွေးငွေ့ပုံသင်္ကေတများပါရှိပါသည်။မီးပူနှင့်မီးပူ၏လုပ်ဆောင်ချက်များနှင့်အကျွမ်းတဝင်ဖြစ်စေရန်ဤအသုံးပြုပုံလမ်းညွှန်အားသေချာစွာဖတ်ပါ။

## အသုံးဝင်သောမီးပူတိုက်နည်းများ

ပန်နာဆိုးနစ်မီးပူ၏အပူချိန်ရွေးချယ်ကိရိယာတွင်စကားလုံးများ၊ အစက်များနှင့်ရေနွေးငွေ့သင်္ကေတများပါရှိပါသည်။

(က) အဝတ်အစားပေါ်မူတည်၍အပူချိန်ရွေးချယ်ကိရိယာအားချိန်ညှိပါ။မီးပူနောက်တွင်ကိန်းဂဏန်းများဖြင့်ယေဘုယျဖော်ပြထားပါသည်။

(ခ) အစက်များသည်အပူချိန် ၃ မျိုး၏သင်္ကေတဖြစ်ပါသည်။




- ● အနိမ့်ဆုံးအပူချိန်
- ●● အလယ်အလတ်အပူချိန်
- ●●● အမြင့်ဆုံးအပူချိန်

အချို့အဝတ်များတွင်ဤအစက်များဖြင့်မီးပူတိုက်ရန်အပူချိန်ကိုဖော်ပြထားပါသည်။

(ဂ) ရေနွေးငွေ့ပုံသင်္ကေတသည်ရေနွေးငွေ့ပမာဏချိန်ညှိရာတွင်အသုံးပြုပါသည်



## မီးပူအတွင်းသို့ရေဖြည့်နည်း

### အရေးကြီးသတိပေးချက်များ

**မီးပူရေလှောင်ကန်ရေမဖြည့်မီ၊ မီးပလပ်အားဖြုတ်ထားပါ။မပြုလုပ်ပါကဓာတ်လိုက်နိုင်သည်။**

၁. ရေများစိမ့်မထွက်စေရန်ရှိုးရှိုးခလုတ်အားရှိုးရှိုးအနေအထားရရန်အောက်သို့နှိပ်ပါ။
မီးပူအားကိုင်၍ "အမြင့်ဆုံး" အမှတ်ထိဖြည့်ပါ။(၂၀၀မီလီမီတာခန့်) ၊ရေဖြည့်ရန်ရေခွက်ကိုသုံးပါ။

၂. ရေအရမ်းအပြည့်မထည့်ပါနှင့်။မီးပူကိုထောင်၍ရေချိန်အမှတ်မှန်မမှန်စစ်ဆေးပါ။

၃. ရေထည့်သည့်အပေါက်အားပိတ်ပါ(သို့)မီးပူတိုက်နေစဉ်ရေဖြည့်ကန်မှရေများဖိတ်စင်နိုင်သည်။



# ရေနွေးငွေ့သုံးမီးပူကိုဘယ်လိုအသုံးပြုမလဲ

၁. အထက်ပါဖော်ပြထားသည့်အတိုင်းမီးပူထဲသို့ရေဖြည့်ပါ။

၂. မီးပူအားအပူချိန်ထိန်းညှိဒိုင်ခွက်တွင် “ ၀ ”ထား၍မီးပူကိုဒေါင်လိုက်အနေအထားပြုလုပ်ထားပါ။

၃. မီးပူအားပလပ်ပေါက်ထိုးပါ။

၄. အဝတ်အစားအပေါ်မူတည်၍အပူချိန်ပြင်းအားရွေးချယ်ပါ။

၅. အပူချိန်ထိန်းညှိမီးပိတ်သွားသည်အထိ ၁ မိနစ် – ၂မိနစ်ခန့်ကြိုတင်၍အပူပေးပါ။

၆. မီးပူအားအလျားလိုက်ကိုင်၍ရေနွေးငွေ့ဖြင့်အသုံးပြုသည့်အနေအထားသို့ပြောင်းပါ။ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်သည်အောက်ပါပုံတွင်ပါရှိသည့်အနေအထားအတိုင်းဖြစ်ပါသည်။

ရေနွေးငွေ့/ရိုးရိုးရွေးချယ်ကိရိယာ၃မျိုး



ရိုးရိုးရေနွေးငွေ့ | အနိမ့်ဆုံးရေနွေးငွေ့ | အမြင့်ဆုံးရေနွေးငွေ့




ရေနွေးငွေ့ အမြင့်ဆုံးထုတ်ပေး
နိုင်သည့်အမှတ်

အပူချိန်ရွေးရာတွင်ကြည့်ရမည့်အမှတ်

ရေနွေးငွေ့များများအသုံးပြုသောအခါအပူချိန်ရွေးချယ်ကိရိယာတွင်အပူချိန်ကိုအမြင့်ဆုံးတင်ထားပါ။

မှတ်ချက် : မီးပူဒေါင်လိုက်အနေအထားသို့ရောက်ရှိပါကရေနွေးငွေ့ထုတ်လွှတ်မှုရပ်တန့်သွားမည်။

## ⚠ သတိပြုရှောင်ကြဉ်ရန်အချက်များ

**မီးပူတွင်လုံလောက်သောအပူချိန်မရရှိသေးပါက Steam/Dry Selector ကိုအသုံးမပြုပါနှင့်။ပြုလုပ်ပါကရေယိုစိမ့်မှုဖြစ်နိုင်ပါသည်။**

# ရိုးရိုး မီးပူကဲ့သို့အသုံးပြုပုံ

၁. ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်အားရိုးရိုးအနေအထားရရှိစေရန်အောက်သို့နှိပ်ပါ။

၂. မီးပူ၏အပူချိန်ထိန်းညှိဒိုင်ခွက်အား “ ၀ ”အနေအထားတွင်သေချာစွာထား၍မီးပူအားဒေါင်လိုက်အနေအထားပြုလုပ်ထားပါ။

၃. မီးပူအားမီးပလပ်ထိုးပါ။

၄. အပူချိန်ထိန်းညှိဒိုင်ခွက်တွင်မိမိလိုအပ်သောအပူချိန်အားချိန်ညှိပါ။

၅. ရေနွေးငွေ့ပန်းလွှတ်သည့်ခလုတ်ကိုနှိပ်နေစဉ်အတွင်းအနည်းဆုံး ၂စက္ကန့်မှ ၅စက္ကန့်အထိရေကွက်များဖြစ်ပေါ်ခြင်းမှကာကွယ်ပေးသည်းအဝတ်အစားများအားလိုအပ်လျှင်ဖိပေးပါ။

# ရေဖြန်း၍မီးပူတိုက်နည်း

မှတ်ချက် : ရေဖြန်း၍မီးပူတိုက်ခြင်းနည်းကိုအသုံးမပြုခင်အဝတ်အစားတွင်ပါရှိသောမီးပူတိုက်ရန်အညွှန်းကိုကြည့်ပါ။အချို့အဝတ်အစားများသည်အစိုဓာတ်နှင့်ထိတွေ့ပါကအစက်များ(သို့)အစွန်းများဖြစ်ပေါ်နိုင်သည်။

ရေဖြန်း၍မီးပူတိုက်ခြင်းနည်းသည်ပုံမှန်အားဖြင့်အလွယ်တကူမပြေနိုင်သောခေါက်ရိုးများနှင့်အစိုဓာတ်ပေး၍မီးပူတိုက်ရန်လိုအပ်လျှင်အထောက်အကူပြုသည်။

**ရေဖြန်းခြင်းကိုရေနွေးငွေ့(သို့)ရိုးရိုး(အခြောက်)မီးပူတိုက်ရာတွင်အသုံးပြုနိုင်သည်။**

(၁) မီးပူအားဖော်ပြထားသောရေဖြည့်နည်းအတိုင်းရေဖြည့်ပါ။



(၂) ရေဖြန်းလိုသောနေရာသို့ရေမှုန်ဖြန်းခလုတ်နှိပ်၍ဖြန်းပါ။ရေဖြန်းခလုတ်ချက်ချင်းအလုပ်မလုပ်ပါကရေထွက်လာသည်အထိ နှိပ်ပေးပါ။

(၃) ရေဖြန်းမှုအားပိုကောင်းရန်ခလုတ်အားမြန်မြန်နှင့်အပြည့်အဝဖိပါ။

# ရေနွေးငွေ့ပြင်းအားအသုံးပြုနည်း

ရေနွေးငွေ့ပန်းလွှတ်ခြင်းသည်ရေနွေးငွေ့ကိုအဝတ်အထည်များ၏အတွင်းအထိပို့လွှတ်ပေးပြီးအလွယ်တကူမပြေနိုင်သောခေါက်ရိုးများဖယ်ရှားရာတွင်အထောက်အကူပြုသည်။ရေနွေးငွေ့ပန်းလွှတ်ခြင်းသည်ရေနွေးငွေ့(သို့)ရိုးရိုးမီးပူတိုက်သောအခါအပူချိန်ရွေးချယ်သည့်ဒိုင်ခွက်တွင်“ ”အနေအထားတွင်ကောင်းစွာလည်ပတ်နိုင်သည်။(အကယ်၍အပူချိန်အနိမ့်ဆုံးတွင်ချိန်ညှိပါကမီးပူသည်ရေများအားရေနွေးငွေ့အဖြစ်သို့ပြောင်းလဲနိုင်ရန်အပူချိန်မလုံလောက်သဖြင့်ရေကွက်များဖြစ်ပေါ်နေမည်။)အကယ်၍ရေနွေးငွေ့ပန်းလွှတ်ခြင်းကိုအချိန်ကြာမြင့်စွာအသုံးမပြုပါကငင်းကိုပြန်လည်အသုံးမပြုမီမီးပူ၏အတွင်းပိုင်းကိုသေချာသန့်စင်ရန်လိုအပ်ပါသည်။အလွယ်ဆုံးနည်းလမ်းမှာရေနွေးငွေ့ပန်းလွှတ်ခြင်းကိုမီးပူတိုက်သည့်စင်၏အဝေးတွင်စမ်းသပ်ပြီးအဝတ်များကိုမီးပူတိုက်နိုင်သည်။ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့်အဝတ်များပေါ်တွင်အညိုကွက်များရေကွက်များမဖြစ်စေရန်ကာကွယ်ပေးပါသည်။

၁. ဖော်ပြထားသည့်နည်းအတိုင်းမီးပူကိုရေဖြည့်ပါ။

၂. မီးပူအားဒေါင်လိုက်အနေအထားဖြင့်အပူချိန်ရွေးချယ်သည့်ဒိုင်ခွက်ကို“ ၀ ”တွင်ထားပါ။မီးပလပ်ကိုထိုးပါ။

၃. အပူချိန်ရွေးချယ်သည့်ဒိုင်ခွက်တွင် “ ”သို့ချိန်ညှိပါ။

၄. အပူချိန်ပြမီးပိတ်သွားသည်အထိ၁မိနစ် ၂မိနစ်ခန့်ကြိုတင်အပူပေးထားပါ။

၅. မိမိရေနွေးငွေ့ပန်းလွှတ်လိုသောနေရာသို့ရေနွေးငွေ့ လွှတ်ခလုတ်အားနှိပ်ပါ။မီးပူတိုက်ခါစတွင်ရေနွေးငွေ့ပန်းလွှတ်သည့်ခလုတ်ကိုအကြိမ်များစွာနှိပ်ပါ။

၆. ရေကွက်များဖြစ်ပေါ်ခြင်းမှကာကွယ်ရန်ရေနွေးငွေ့ပန်းလွှတ်သည့်ခလုတ်ကိုနှိပ်သည့်တချက်နှင့်တချက်ကြားတွင်အနည်းဆုံး ၂စက္ကန့်ခြားပေးပါ။ အဝတ်အစားများအားလိုအပ်လျှင်ဖိပေးပါ။



# “ဒေါင်လိုက်ရေနွေးငွေ့ထုတ်လွှတ်သည့်စနစ်”အသုံးပြုနည်း(NI-E510Tအတွက်သာ)



ပိုကောင်းသောရလဒ်ရရှိစေရန်ဒေါင်လိုက်ရေနွေးငွေ့ထုတ်လွှတ်အသုံးပြုသောအခါအဝတ်ကိုချိတ်တွင်ချိတ်ထားပါ။ လိုက်ကာများခန်းစီးများအားချိတ်ဆွဲထားစဉ်ရေနွေးငွေ့ဖြင့်မီးပူတိုက်နိုင်သည်။ မီးပူအားခန္ဓာကိုယ်နှင့်ဝေးရာတွင်ကိုင်ထားပါ။အဝတ်နှင့်ကပ်ထားပါ။မထိပါနှင့်။အဝတ်အားကျန်လက်တစ်ဖက်မှတင်းကြပ်စွာဆွဲ၍တွန့်နေသောအပိုင်းပေါ်မှဒေါင်လိုက်ရေနွေးငွေ့ခလုတ်ကိုနှိပ်ပါက ၂စက္ကန့်အတွင်းအတွန့်များပျောက်သွားပါမည်။

# ပင်ကိုယ်သန့်စင်ခြင်းစနစ်

ပင်ကိုယ်သန့်စင်စနစ်ဖြင့်ရေနွေးငွေ့ထုတ်လွှတ်သောအခန်းနှင့်ရေနွေးငွေ့ထုတ်သောလေပေါက်များမှတစ်ဆင့်ဓာတ်သတ္တုအကြွင်းအကျန်များအားစွန့်ထုတ်နိုင်ပြီးသင့်မီးပူ၏ရေနွေးငွေ့ထုတ်လွှတ်သည့်သက်တမ်းအားရှည်ကြာစေနိုင်သည်။ရေနွေးငွေ့သုံး၍မီးပူတိုက်ပြီးတိုင်းဓာတ်သတ္တုများစု၍မာကျောမသွားစေရန်ပင်ကိုသန့်စင်စနစ်အားပြုလုပ်ရန်အရေးကြီးပါသည်။

၁. ရေပမာဏကိုစစ်ပါ။ရေပမာဏသည်တစ်ဝက်ထက်ပိုရန်လိုအပ်ပါသည်။ရေပမာဏတစ်ဝက်ထက်လျော့ပါကဖော်ပြထားသည့်အတိုင်းရေထည့်ပါ။

၂. အပူချိန်အား“အမြင့်ဆုံး”သို့ထား၍ကြိုတင်အပူပေးပါ။(၁မိနစ် – ၂မိနစ်ခန့်)

၃. ရေနွေးငွေ့/ ရိုးရိုးရွေးသည့်ခလုတ်အားရိုးရိုးနေရာသို့သေချာရွှေ့ပါ။

၄. အပူချိန်ရွေးနိုင်ခွက်အား“ ၀ ”တွင်ထား၍မီးပလပ်ဖြုတ်ပါ။

၅. မီးပူကိုအလျားလိုက်အောက်သို့နှိပ်၍ကိုင်ပါ။ရေနွေးငွေ့ပန်းလွှတ်သည့်ခလုတ်ကိုမြန်မြန်နှိပ်ပါ။( ၁စက္ကန့် ကို ၃ကြိမ်အနည်းဆုံးနှိပ်ပါ။)၊အကြိမ် ၂၀ – ၃၀ ပြုလုပ်ပါ။

၆. ပင်ကိုသန့်စင်ခြင်းပြုလုပ်နေစဉ်မီးပူအားအတွင်းပိုင်းသန့်ရှင်းစေရန်အပေါ်အောက်ဖြည်းညှင်းစွာလှုပ်ပေးပြီးရေများအားအောက်ခံပလိပ်ပြားရှိလေဝင်ပေါက်များမှတစ်ဆင့်ဖွင့်ချလိုက်ပါ။

၇. အောက်ခံပလိပ်ပြားရှိလေပေါက်များမှရေနွေးငွေ့နှင့်ရေများအကုန်ကျဆင်း၍ရပ်သွားသည်ကိုစစ်ဆေးပါ။ပင်ကိုသန့်စင်ရေးပြုလုပ်ပြီးပါကမီးပူ၏ရေထည့်ကန်တွင်ရေလက်ကျန်မရှိစေရန်မီးပူအားပြောင်းပြန်လှည့်၍စစ်ပါ။

၈. မီးပူအားမည်သည့်ခလုပ်မျှမနှိပ်ဘဲမီးပူအေးသွားသောအခါအပူချိန်အမြင့်ဆုံးထား၍၅မိနစ်ခန့်အပူပေးပါ။

၉. မီးပလပ်ဖြုတ်ပါ။

၁၀.အောက်ခံပြားမှအညစ်အကြေးများဖယ်ရှားရန်အဝတ်အဟောင်းအားမီးပူတိုက်ပါ။



# လေဝင်လေထွက်ပေါက်များသန့်ရှင်းအောင်ထားပါ။

မီးပူ၏ရေလှောင်ကန်တွင်ပါဝင်သောထုံးဓာတ်ချေဖျက်ရေးစနစ်သည်ထုံးဓာတ်ပါဝင်မှုပမာဏကိုအမြဲမပြတ်လျှော့ချပေးသည်။ ဤစနစ်သည်ရေနွေးငွေ့ထုတ်လွှတ်သည့်စနစ်ကိုကြာရှည်စွာဆောင်ရွက်နိုင်ပြီး၊လေပေါက်များပိတ်ခြင်းကိုလည်းကာကွယ်ပေးသည်။

# မီးပူအားထိန်းသိမ်းနည်း

## အသုံးပြုပြီးနောက်

၁. အပူချိန် ရွေးသည့်ဒိုင်ခွက်ကို “ ၀ ”သို့ချိန်ညှိပါ။

၂. မီးပူကိုပိတ်၍ပလပ်ကိုဖြုတ်ပါ။

၃. မီးပူကိုအသုံးပြုပြီးဘာမှမရှိအောင်သန့်စင်ပါ။မီးပူအားရေများဖြင့်မသိမ်းပါနှင့်။

၄. ရေနွေးငွေ့/ရိုးရိုးရွေးချယ်သောခလုတ်အားရိုးရိုးတွင်ထားပါ။

၅. မီးပူ၏အောက်ခံပလိပ်ပြားများပွန်းပဲ့ခြင်း၊သံချေးတက်ခြင်း(သို့)စွန်းထင်းခြင်းများမဖြစ်စေရန်မီးပူအားအနောက်ဖက်မှ ထောင်လျက်အနေအထားအတိုင်းထား၍အအေးခံပြီးမှသိမ်းဆည်းပါ။



## သတိပြုရှောင်ကြဉ်ရန်

မီးပူအသုံးပြုပြီးရေနွေးငွေ့/ရိုးရိုးရွေးချယ်ခလုတ်အားရိုးရိုးအနေအထားသို့မပြောင်းပါကကျန်ရှိနေသောရေများအောက်ခံပြား ထဲသို့ရောက်ရှိပြီးနောက်တစ်ကြိမ်အသုံးပြုသောအခါမီးလောင်စေနိုင်ပါသည်။

## မီး‌ပူ၏အပြင်မျက်နှာပြင်

မီးပူအားမီးပလပ်ဖြုတ်၍အအေးခံပြီးနောက်အောက်ခံပလိပ်ပြားအားအဝတ်ပါးဖြင့်သုတ်ပါ။လိုအပ်ပါကဆပ်ပြာမှုန့်အပျော့စားကိုအသုံးပြုပါ။

ပြင်းထန်သောသန့်စင်ဆေးများမသုံးပါနှင့်။

## မီးပူအောက်ခံပလိပ်ပြား

- အောက်ခံပလိပ်ပြားမှခြစ်ရာများနှင့်အခြားအကြွင်းအကျန်များအားအဝတ်ပါးပါးဖြင့်ပွတ်ခြင်းဖြင့်လွယ်ကူစွာဖယ်ရှားနိုင်ပါသည်။
- အောက်ခံပလိပ်ပြားခြစ်ရာများမဖြစ်ပေါ်စေရန်အသုံးပြုပြီးသတ္တုများဖြင့်သန့်ရှင်းခြင်းနှင့်မညီညာသောမျက်နှာပြင်ပေါ်တွင်မီးပူချထားခြင်းမပြုပါနှင့်။
- ဓာတုပစ္စည်းများပါသောအဝတ်များအားအပူချိန်ပြင်းပြင်းဖြင့်မီးပူတိုက်မိပါကအဝတ်အထည်ပျက်စီးရုံမျှမကမီးပူ၏အောက်ခံပလိပ်ပြားတွင်အဝတ်အထည်များမှဓာတုပစ္စည်း အကြွင်းအကျန်များအရည်ပျော်၍ကပ်ကျန်နေနိုင်ပါသည်။
- ၎င်းအရာများကိုဖယ်ရှားရန်အကောင်းဆုံးနည်းလမ်းမှာချည်ထည်အဝတ်ဟောင်းတစ်ထည်အားမီးပူပူဖြင့်တိုက်ခြင်းဖြစ်ပါသည်။

## အသေးစိတ်အချက်အလက်များ

| မော်ဒယ်နံပါတ် | NI-E510T | NI-E410T |
|---|---|---|
| စွမ်းအားအရင်းအမြစ် | ၂၂၀–၂၄၀ ဗို့ ~ ၅၀–၆၀ ဟတ်ဇ် | ၂၂၀–၂၄၀ ဗို့ ~ ၅၀–၆၀ ဟတ်ဇ် |
| ရှိရမည့်လျှပ်စစ်ပမာဏ | ၁၉၅၀–၂၃၂၀ ဝပ် | ၁၈၀၀–၂၁၅၀ ဝပ် |
| စက်၏အလေးချိန် | ခန့်မှန်းခြေ ၁.၁ ကီလိုဂရမ် | ခန့်မှန်းခြေ ၁.၁ ကီလိုဂရမ် |
| စက်၏အတိုင်းအတာ | ၂၅၆ × ၁၁၃ × ၁၃၆ မီလီမီတာ | |

Panasonic Wanbao Appliances Electric Iron
(Guangzhou) Co., Ltd.

No.2 Wanbao South Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China